# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

July 31, 2024 | Volume 80, Number 23


၃၁.၇.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၄၁၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၃.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၈.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၉၅.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၄.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၆၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၇၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၈၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၇.၀၇ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၈၈၁ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပန်းတနော်မြို့နယ်တွင် ကြက်ဟင်းခါးသီးများ အရောင်းအဝယ်ကောင်းမွန်နေ

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ဒေသထွက် ကြက်ဟင်းခါးသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပန်းတနော်မြို့နယ်မှ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်စန်းပပက ပြောသည်။


ပန်းတနော်မြို့နယ်တွင် ကြက်ဟင်းခါးသီးများထွက်ရှိပြီး ဇူလိုင်လ ဒုတိယပတ်မှစ၍ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ကြက်ဟင်းခါးသီးများ တစ်ရက်လျှင် အလုံးရေ ၁၆,၀၀၀ မှ ၁၉,၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်ကနေထွက်ရှိတဲ့ ကြက်ဟင်းခါးသီးတွေ အဝယ်လိုက်ပြီး အရောင်းအဝယ်ကောင်းလာတယ်။ လက်ရှိမိုးသီးနှံအဖြစ် စိုက်ပျိုးထားတဲ့ ကြက်ဟင်းခါးသီးတွေ ထွက်နေပါတယ်။ ကြက်ဟင်းခါးသီးတွေကလဲ အရည်အသွေးကောင်းပါတယ်။ ကြက်ဟင်းခါးသီးတွေကို ဒေသဈေးကွက်နဲ့ အခြားဒေသကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက အဝယ်များနေပါတယ်။ လက်ရှိရောင်းတမ်းဝင် ကြက်ဟင်းခါးသီး တစ်ရက်ကို အလုံးရေ ၁၆,၀၀၀ ကနေ ၁၉,၅၀၀ ထိရောင်းချနေရပါတယ်။ ဒေသထွက် ကြက်ဟင်းခါးသီးတွေက ပိုးမွှားကင်းပြီး အရည်အသွေးကောင်းမွန်တာတွေ့ရပါတယ်။ အထွက်နှုန်းလဲကောင်းနေပါတယ်"ဟု ပန်းတနော်မြို့နယ်မှ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်စန်းပပက ပြောသည်။

ပန်းတနော်မြို့နယ်တွင် စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ်ကောင်းမွန်နေသည့် ကြက်ဟင်းခါးသီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၃,၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဒေသထွက် ကြက်ဟင်းခါးသီးများနှင့်အခြားကုန်စိမ်းများကို ပုသိမ်၊ ကျောင်းကုန်း၊ ပန်းတနော်၊ မအူပင်စသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍သိရသည်။

**Source: ရတနာပုံနေ့စဉ်သတင်းစာ**

## ဓနုဖြူမြို့နယ်၌ ဒေသထွက်သခွားသီးများ ဝယ်လိုအားကောင်းနေ



ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ဒေသထွက်သခွားသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဓနုဖြူမြို့နယ်မှ ကုန်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်စန်းဝေ၏ ပြောပြချက်အရသိရသည်။

ဓနုဖြူမြို့နယ်၌ သခွားသီးထွက်ရှိသော ဇူလိုင်လ ဒုတိယပတ်မှစ၍ လက်ရှိအချိန်ထိ သခွားသီးများ ဝယ်လိုအားကောင်းနေခြင်းဖြစ်ပြီး တစ်ရက်လျှင် ရောင်းတမ်းဝင် သခွားသီးများ အလုံးရေ ၁၅,၀၀၀ အထိ

အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

“ခနော်ဖြူမြို့နယ်ကနေထွက်ရှိတဲ့ သခွားသီးတွေ အဝယ်လိုက်ပြီး အရောင်းအဝယ်ကောင်းနေပါတယ်။ လက်ရှိ ဒီဒေသမှာ မိုးသီးနှံအဖြစ်စိုက်ပျိုးထားတဲ့ သခွားသီးတွေထွက်ရှိနေပါပြီ။ ခနော်ဖြူမြို့နယ်အနီးဝန်းကျင်က ကုန်စိမ်းဈေးကွက်က ဝယ်လက်တွေ အဝယ်များနေလို့ တစ်ရက်ကို ရောင်းတမ်းဝင် သခွားသီးအလုံးရေ ၁၅,၀၀၀ ခန့်အထိ ရောင်းချနေရတယ်။ ဒေသထွက် သခွားသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်တာတွေ့ရပါတယ်။ အဲဒီလို အရည်အသွေးကောင်းသလို အထွက်နှုန်းလည်းကောင်းနေပါတယ်”ဟု ဒေါ်စန်းဝေကပြောသည်။

လက်ရှိတွင် ခနော်ဖြူမြို့နယ်၌ ဒေသထွက်သခွားသီးများနှင့်အခြားကုန်စိမ်းများကို ပုသိမ်၊ ကျောင်းကုန်း၊ ပန်းတနော်၊ မအူပင်စသည့်ဒေသတို့ကို တင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။

**Source: မြဝတီသတင်းစာ**

## မန္တလေးပဲဈေးကွက်၌ စားတော်ပဲများ အရောင်းအဝယ်သွက်လျက်ရှိ



မန္တလေးပဲဈေးကွက်၌ ယခုရက်ပိုင်းအတွင်း စားတော်ပဲများ အရောင်းအဝယ်သွက်လျက်ရှိကြောင်း မန္တလေးမြို့ရှိ ပဲ၊ နှမ်းကုန်သည်များ၏ ပြောကြားချက်အရသိရသည်။

ပြည်တွင်း၌ စားတော်ပဲစိုက်ပျိုးမှုများပြားလာပြီး အထွက်နှုန်းကောင်းမွန်ကာ ပြည်တွင်းစားသုံးမှု ပိုမိုများပြားလာခြင်းကြောင့် ယခုကဲ့သို့ စားတော်ပဲများ အရောင်းအဝယ်သွက်နေခြင်းဖြစ်သည်။

စားတော်ပဲသည် ပြည်တွင်းစားသုံးမှုများပြားကာ ဈေးကွက်ခိုင်မာသော သီးနှံဖြစ်သောကြောင့် စားတော်ပဲစိုက် တောင်သူများအနေဖြင့် နှစ်စဉ်စိုက်ပျိုးလျက်ရှိကြောင်း၊ စားတော်ပဲကို ဆောင်းသီးနှံအဖြစ် စိုက်ပျိုးလေ့ရှိပြီး စားတော်ပဲစိုက်ပျိုးသောဒေသများ၌ မြေအောက်ရေ၊ ရေသွင်းစနစ်တို့ဖြင့် တန်ဆောင်မုန်း လဆန်းတွင် စတင်စိုက်ပျိုးကြကာ တပေါင်းလဆန်းပိုင်းတွင် သီးနှံများရိတ်သိမ်းကြကြောင်းသိရသည်။

ပြည်တွင်း၌ ပေါင်းခံပြုတ်ထားသော စားတော်ပဲပြုတ်ကို ထမင်းကြော်၊ ထမင်းဆီဆမ်း၊ နံပြား၊ အီကြာကွေးတို့နှင့် တွဲဖက်စားသုံးကြသကဲ့သို့ ပဲပြုတ်သုပ်၊ ပဲပြုတ်ကြော်စသည့်ဟင်းလျာများအဖြစ်လည်း စားသုံးကြကြောင်း၊ ထို့ပြင် မြန်မာ့ရိုးရာမုန့်ပဲသရေစာများဖြစ်သော ရေမုန့်၊ မုန့်လင်မယား၊ ကောက်ညှင်းပေါင်းစသည်တို့တွင်လည်း ပဲပြုတ်ထည့်ပြီး ပြုလုပ်စားသုံးကြကြောင်းသိရသည်။

**Source: မြဝတီသတင်းစာ**

## ပဲတီစိမ်း အရောင်းအဝယ်အေးပြီး ဈေးအနည်းငယ်ကျဆင်း

ပြည်ပဝယ်လိုအားနည်း၍ ပဲတီစိမ်းဈေးကွက်အေးပြီး ဈေးအနည်းငယ်ကျဆင်းနေကြောင်း ပဲကုန်သည်တချို့ထံမှ သိရသည်။

တရုတ်နိုင်ငံအပါအဝင် ပြည်ပနိုင်ငံများသို့တင်ပို့ရာတွင် လမ်းပန်းဆက်သွယ်ရေးအပြင် အခြားသောအခက်အခဲများရှိနေသောကြောင့် ဈေးကွက်အေးနေခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ဇူလိုင်နောက်ဆုံးပတ်အတွင်း ပဲတီစိမ်းအပြင် ပဲမျိုးစုံဈေးပါ အရောင်းဝယ်အေးပြီး ဈေးအေးနေကြောင်း မန္တလေးကုန်စည်ဒိုင်မှ သိရသည်။

မန္တလေးကုန်စည်ဒိုင်ဈေးနှုန်းအရ ဇူလိုင်လ ၂၇ ရက်က ပဲတီစိမ်း (ညာ)၅၆ ဒသမ ၂၅ ပိဿာ တစ်အိတ်လျှင် ၁၇၅,၀၀၀ မှ ၂၂,၃၀၀၀အထိ ရှိခဲ့ပြီး လက်ရှိ ပဲတီစိမ်း (ညာ) ၅၆ ဒသမ ၂၅ပိဿာ တစ်အိတ်လျှင် ၁၇၅,၀၀၀ မှ ၂၁၉,၀၀၀ အထိ ကျဆင်းသွားကြောင်း တွေ့ရသည်။

ထို့ပြင် အောင်လံကုန်စည်ဒိုင်တွင် ဇူလိုင်လ ၂၅ ရက်က ပဲတီစိမ်း ပိဿာ ၂၀ တစ်တင်းလျှင် ၆၉,၀၀၀ ကျပ်အထိရှိခဲ့ပြီး လက်ရှိပဲတီစိမ်းပိဿာ ၂၀ တစ်တင်းလျှင် ၆၀,၀၀၀ မှ ၆၂,၀၀၀ ကျပ်အထိ ကျဆင်းသွားကြောင်း သိရသည်။

“ပဲတီစိမ်းဈေးက အရောင်းဝယ်အေးပြီး ဈေးကျဆင်းသွားတယ်။ FOB ဈေးနှုန်းလဲကျနေတယ်။ လက်ရှိ ဈေးကွက်အနေအထားအရကတော့ အောင်လံနဲ့မန္တလေးကုန်စည်ဒိုင်မှာ ဈေးကျပြီး ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်မှာတော့ ပဲတီစိမ်းဈေးက ဈေးငြိမ်နေတယ်” ဟု မန္တလေးမြို့မှ ပဲကုန်သည်တစ်ဦးကပြောသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲတီစိမ်း (ပခုက္ကူ) တစ်ပိဿာလျှင် ၃၀၀၀ မှ ၃၃၃၅ ကျပ်၊ ပဲတီစိမ်း (ခရမ်းရွှေဝါ) တစ်ပိဿာလျှင် ၄၂၅၀ ကျပ်၊ ပဲခူးရွှေဝါ တစ်ပိဿာလျှင်၄၀၀၀ ကျပ်ဖြင့် ဇူလိုင်လနောက်ဆုံးပတ်အတွင်း ဈေးငြိမ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလ ၁၉ ရက်မှ ဇူလိုင် ၁၉ ရက်အထိ ပင်လယ်ရေကြောင်းမှ ၇၄၈,၆၄၃ ဒသမ ၁၅၅ တန်နှင့် နယ်စပ်မှတဆင့် ၂၆,၆၅၂ ဒသမ ၀၅၃ တန် စုစုပေါင်း ၇၇၅,၂၉၅ ဒသမ ၂၀၈ တန်အထိ တင်ပို့ထားကြောင်း သိရသည်။

အဆိုပါ ပဲမျိုးစုံအနက် ပဲတီစိမ်းအနေဖြင့် ပြည်ပသို့ ၂၅၃,၃၆၈ ဒသမ ၀၂၇ တန်ချိန်အထိ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ သို့သော် FOB ရန်ကုန်ပေါက်ဈေးအနေဖြင့် ဈေးကျဆင်းသွားပြီး FAQ (အညာ) ၇၀၀ မှ ၇၁၀ ဒေါ်လာ၊ ပဲတီရွှေဝါ (အကြီး) ၈၅၀ မှ ၈၆၀ ဒေါ်လာ၊ ပဲတီရွှေဝါ (အသေး) ၇၄၀ မှ ၇၅၀ ဒေါ်လာပေါက်ဈေးထိ ကျဆင်းလျက်ရှိကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှသိရသည်။ “တရုတ်ဘက်ကို အဓိကကုန်သွယ်နေတဲ့ မူဆယ်၊ လားရှိုး၊ ချင်းရွှေဟော်လမ်းကြောင်းတွေမှာ လမ်းပန်းဆက်သွယ်ရေး အဆင်မပြေတာတွေကြောင့် အရောင်းအဝယ်အေးနေတာလို့ပဲ ပြောရမယ်။ အရောင်းအဝယ်မသွက်ဘဲ ဈေးနှုန်းကျဆင်းတဲ့သဘောပါ။ အဓိက တရုတ်ကနေ ပဲတီစိမ်းကိုဝယ်တာဆိုတော့ အခြားအခက်အခဲတွေကြောင့် တရုတ်ဘက်က အဝယ်နည်းသွားလို့ ဈေးကျသွားတယ်လို့ပဲထင်တယ်”ဟု အောင်လံမှ ပဲကုန်သည်တစ်ဦးကပြောသည်။

ပဲတီစိမ်းကို တရုတ်နိုင်ငံမှ ၉၀ ရာခိုင်နှုန်းအထိ အဓိကဝယ်ယူလျက်ရှိပြီး ၁၀ ရာခိုင်နှုန်းမှာ ထိုင်းနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့ ဝယ်ယူလျက်ရှိကြောင်း သိရသည်။

**Source: AMIA**

https://htwettoe.com/download

## အမေရိကန်အစိုးရသည် Amkor Technology အား အမေရိကန်နိုင်ငံ၏ နည်းပညာမြင့်တစ်ပိုင်း လျှပ်ကူးပစ္စည်းများအတွက် အဆင့်မြင့်ထုပ်ပိုးမှုနည်းပညာအသစ်များထုတ်လုပ်ရာတွင် ပံ့ပိုးကူညီရန် ပဏာမသဘောတူညီချက်ထုတ်ပြန်ခဲ့ခြင်း

အမေရိကန်အစိုးရ၏ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် Amkor Technology, Inc. အား CHIPS and Science Act အရ အမေရိကန်ဒေါ်လာ သန်း ၄၀၀ အထိ ပံ့ပိုးသွားရန် ပဏာမသဘောတူညီချက်ကို ၂၆-၇-၂၀၂၄ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရှိရသည်။ ဤအဆိုပြုစီမံကိန်းအရ Amkor Technology, Inc. ကုမ္ပဏီ၏ အမေရိကန်ဒေါ်လာ ၂ ဘီလီယံတန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်သော ကွန်ပျူတာနည်းပညာ၊ ဉာဏ်ရည်တု (AI)၊ ဆက်သွယ်ရေးနှင့် မိုဘိုင်းဆက်သွယ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် နည်းပညာမြင့်တစ်ပိုင်းလျှပ်ကူးပစ္စည်းများ (Semiconductor)အတွက် အဆင့်မြင့်ထုပ်ပိုးမှုနည်းပညာအသစ်များ ဖန်တီးထုတ်လုပ်မည့်လုပ်ငန်းကို ပံ့ပိုးပေးသွားမည်ဖြစ်ပြီး အဆိုပြုစီမံကိန်းသည် အရီဇိုးနားပြည်နယ်၌ အလုပ်အကိုင်ပေါင်း ၂,၀၀၀ ကျော်ကို ဖန်တီးပေးနိုင်မည် ဖြစ်ကြောင်း၊ သမ္မတဘိုင်ဒင်အစိုးရအနေဖြင့် အမေရိကန်နိုင်ငံ၏ တစ်ပိုင်းလျှပ်ကူးပစ္စည်းများ တပ်ဆင်စမ်းသပ်သည့် ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Amkor ကုမ္ပဏီအား ထုပ်ပိုးမှုနည်းပညာအသစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ကူညီပေးသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ ထုပ်ပိုးမှုစနစ်များ အဆင့်မြှင့်တင်ပေးခြင်း၊ အဆင့်မြင့်နည်းပညာထုတ်လုပ်သည့်စက်ရုံအစုအဖွဲ့များကိုပံ့ပိုးပေးခြင်းနှင့် AI Chips ဝယ်လိုအား မြင့်တက်လာမှုကိုပြည့်မီရန် ကူညီပေးခြင်းဖြင့် အမေရိကန်နိုင်ငံ၏ စီးပွားရေးနှင့်အမျိုးသားလုံခြုံရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ကမ္ဘာ့အဆင့်အမြင့်ဆုံးနည်းပညာများ ထုပ်လုပ်သည့် Taiwan Semiconductor Manufacturing Company, TSMC၊ Apple နှင့် Global Foundries တို့အနေဖြင့် ၎င်းတို့၏ Chips များကို ပြည်တွင်း၌ ထုပ်ပိုးနိုင်မည်ဖြစ်ကာ Chip ထုတ်လုပ်မှု လုပ်ငန်းစဉ်တစ်ခုလုံးဖြစ်သည့် ထုတ်လုပ်မှုမှစ၍ ထုပ်ပိုးမှုအဆင့်အထိကို အမေရိကန်နိုင်ငံအတွင်း၌ ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း၊ ပြည်တွင်း Semiconductor Supply Chain တစ်ခုလုံးကို အဆင့်မြှင့်တိုးချဲ့လျက် အမေရိကန်နိုင်ငံအနေဖြင့် နည်းပညာကဏ္ဍ၌ ကမ္ဘာ့ဦးဆောင်နိုင်ငံဖြစ်လာရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အမေရိကန်အစိုးရသည် Global Wafers နှင့် Silicon Wafers များထုတ်လုပ်ရန် ပဏာမသဘောတူ စာချုပ်ချုပ်ဆိုခဲ့ခြင်း**

အမေရိကန်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် Global Wafers Co., Ltd. ၏ လက်အောက်ခံကုမ္ပဏီများဖြစ်သည့် Global Wafers America, LLC နှင့် MEMC LLC တို့အား နည်းပညာကဏ္ဍ၌ အရေးပါသည့် Semiconductor wafer ထုတ်လုပ်မှုကိုပံ့ပိုးရန် အမေရိကန်ဒေါ်လာ သန်း ၄၀၀ ပံ့ပိုးကူညီပေးသွားမည့် ပဏာမ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်ဟု သိရသည်။ ကုမ္ပဏီ၏ အဆိုပြုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှာ Wafer ထုတ်လုပ်မှုစက်ရုံသစ် တည်ဆောက်ရန်ဖြစ်ပြီး ယင်းလုပ်ငန်း တည်ဆောက်ရာ၌ ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွက် အလုပ်အကိုင် ၁,၇၀၀ ကျော်နှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းခွင်အတွက် အလုပ်အကိုင်ပေါင်း ၈၈၀ ကျော် ခန့်ထားနိုင်မည်ဖြစ်ကြောင်း၊ Silicon Wafers သည် တစ်ပိုင်းလျှပ်ကူးပစ္စည်း (Semiconductor) ထုတ်လုပ်မှုစနစ်တစ်ခုလုံးတွင် အရေးအပါဆုံး အစိတ်အပိုင်းတစ်ခုဖြစ်ပြီး Chips ထုတ်လုပ်ရာတွင် အခြေခံအကျဆုံး အစိတ်အပိုင်းတစ်ခုလည်းဖြစ်ကြောင်း၊ ထို့ပြင် Global Wafers သည် ကမ္ဘာ့ Silicon Wafers ထုတ်လုပ်သည့်ကုမ္ပဏီ ၅ ခုအနက် တစ်ခုဖြစ်ကြောင်း၊ ယခုအဆိုပြုရင်းနှီးမြှုပ်နှံမှုကို ပံ့ပိုးသည့်ရန်ပုံငွေဖြင့် Global Wafers သည် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်နှင့် မစ်ဆူရီပြည်နယ်များရှိ ၎င်း၏ Silicon Wafers ထုတ်လုပ်သည့် စက်ရုံများကို တိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ဆွေဦး**

**(စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ)**

## ၂၀၂၄ ခုနှစ်၊ ပထမ ၅ လအတွင်း ထိုင်းနိုင်ငံ၌ သံမဏိရောင်းအား ၆ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့

စျေးပေါသော တရုတ်သွင်းကုန်များ၏ ဖိအားများအကြား ဆောက်လုပ်ရေးစီမံကိန်းများတွင် သုံးစွဲမှုကျဆင်းလာသောကြောင့် ယခုနှစ် ပထမ ၅ လအတွင်း ထိုင်းနိုင်ငံ၏ သံမဏိစက်မှုနယ်ပယ်တွင် ရောင်းအားနှေးကွေးလျက်ရှိကြောင်း အိန္ဒိယ၏ အကြီးဆုံးသံမဏိထုတ်လုပ်သူ Tata Steel (Thailand) Pls (TSTH) က ပြောကြားခဲ့ပါသည်။

သံမဏိအရှည်ဝယ်ယူမှုသည် တန်ချိန် ၂ ဒသမ ၄၇ သန်း ရှိပြီး ၈ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ပါကြောင်း၊ ၂၀၂၄ ခုနှစ်အတွင်း စုစုပေါင်းသံမဏိဝယ်ယူသုံးစွဲမှုသည် တန်ချိန် ၁၆ ဒသမ ၃ သန်းတွင် ရပ်တန့်နေနိုင်ကြောင်း၊ ၂၀၂၄ ခုနှစ် ဘဏ္ဍာရေးနှစ်ဘဏ္ဍာငွေခွဲဝေမှု နှောင့်နှေးမှုကြောင့် ဆောက်လုပ်ရေးကဏ္ဍတွင် နှေးကွေးခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် တတိယ ၃ လပတ်တွင် ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ စီမံကိန်းများတွင် အစိုးရ၏ အသုံးစရိတ် တိုးမြင့်လာမည်ဟု မျှော်လင့်ရပါကြောင်း၊ သို့သော် အာဆီယံဈေးကွက်အတွင်းရှိ တန်ဖိုးနည်းသံမဏိများနှင့် ခက်ခဲစွာယှဉ်ပြိုင်နေရသောကြောင့် သံမဏိဈေးကွက်တိုးတက်ရာ၌ ကုမ္ပဏီအနေဖြင့် လုံးလုံးလျားလျား အစားထိုးနိုင်မည်ဟု မဆိုလိုပါကြောင်း ကုမ္ပဏီ၏ ဥက္ကဋ္ဌ Mr. Tarum Kuma Daga က သုံးသပ်ပြောကြားခဲ့သည်။

ယခုနှစ် ပထမ ၅ လအတွင်း တရုတ်နိုင်ငံမှ ထိုင်းနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများသို့ သံမဏိတန်ချိန် ၄၅ ဒသမ ၅ သန်း၊ ၂၀ ဒသမ ၃ ရာခိုင်နှုန်း တိုးမြင့်တင်ပို့ခဲ့ပါကြောင်း၊ တရုတ်ကုမ္ပဏီများက ထိုင်းနိုင်ငံသို့ တိုက်ရိုက်တင်ပို့ခြင်း သို့မဟုတ် အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ပြီးနောက် ထိုင်းနိုင်ငံသို့ ပြန်လည်တင်ပို့ခြင်းတို့ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဇန်နဝါရီလမှ မေလအထိ ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံမှ သံမဏိဝါယာချောင်း တန်ချိန် ၅၆၆,၀၀၀ တန် တင်သွင်းခဲ့ပါကြောင်း၊ TSTH အနေဖြင့် ထိုင်းနိုင်ငံအတွင်းရှိ ရောင်းအားကျဆင်းမှုကို ခုခံနိုင်ရန်အတွက် ဈေးကွက်သစ်များသို့ တင်ပို့နိုင်ရေး အာရုံစိုက်လျက်ရှိပါကြောင်း၊ သံမဏိပို့ကုန်ကဏ္ဍသည် ကောင်းမွန်နေဆဲဖြစ်ပြီး ကုမ္ပဏီ၏ ဝင်ငွေကို မြင့်တင်ပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း Mr. Tarum က ဖြည့်စွက်ပြောကြားခဲ့သည်။

TSTH သည် ယခုနှစ် ဧပြီလမှ ဇွန်လအတွင်း လုပ်ငန်းလည်ပတ်မှုရလဒ်ကို ထုတ်ပြန်ကြေညာခဲ့ပြီး ဝင်ငွေသည် ဘတ် ၆ ဒသမ ၈၃ ဘီလီယံသို့ ရောက်ရှိခဲ့ပြီး ၁၀ ရာခိုင်နှုန်းတိုးတက်မှုရှိခဲ့သဖြင့် အမြတ်ငွေ ဘတ် ၉၃ သန်း ရရှိပြီးဖြစ်ကြောင်း သိရသည်။

**Source: www.bangkokpost.com**

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## ရုရှား Rosselkhoznadzor ဌာနသည် အမေရိကန်ပြည်ထောင်စုမှ ကြက်ထုတ်ကုန်များတင်သွင်းမှုကို ကန့်သတ်

အမေရိကန်ပြည်ထောင်စုတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု တိုးလာခြင်းကြောင့် ရုရှားနိုင်ငံသို့ တင်သွင်းမှုနှင့် အမေရိကန်၏ ကြက်ထွက်ကုန်အားလုံး၏ နိုင်ငံအတွင်းဖြတ်သန်းသွားလာမှု(Transit)အပေါ် ကန့်သတ်ချက်များ ထုတ်ပြန်ခဲ့ကြောင်း ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာန၊ တိရစ္ဆာန်နှင့်အပင်ပိုးမွှားရောဂါ ကင်းရှင်းရေးကြီးကြပ်ကွပ်ကဲမှုဖက်ဒရယ် အစိုးရဌာန (Rosselkhoznadzor)က ဖော်ပြခဲ့သည်။

၂၀၁၄ ခုနှစ်ကတည်းက ရုရှားနိုင်ငံသို့ အမေရိကန်၏ စားသောက်ကုန်ထုတ်ကုန်များ တင်ပို့မှုရပ်ဆိုင်းခဲ့သည့်အတွက် ရုရှားဈေးကွက်ကို ထိခိုက်စေမည်မဟုတ်ကြောင်း၊ သို့သော် အမေရိကန်နိုင်ငံမှ ကြက်မွေးမြူရေးထုတ်ကုန်များအားလုံးသည် ရုရှားနယ်မြေမှတစ်ဆင့် အခြားနိုင်ငံများသို့ ဖြတ်သန်းသွားလာမှု(Transit)အပေါ် သက်ရောက်စေမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုမြင့်တက်လာမှုကြောင့် နိုင်ငံအများအပြားသည် ကြက်မွေးမြူရေးထုတ်ကုန်များ တင်သွင်းမှုကိုကန့်သတ်ထားကြောင်း၊ Rosselkhoznadzor သည်လည်း ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်မှစ၍ အမေရိကန်ပြည်ထောင်စုမှ ကြက်မွေးမြူရေးထုတ်ကုန်များအားလုံးကို ရုရှားနိုင်ငံသို့ တင်သွင်းခွင့်နှင့် နိုင်ငံအတွင်းဖြတ်သန်းခွင့်အပေါ် ကန့်သတ်ချက်များချမှတ်လိုက်ခြင်းဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

**Source :** https://ria.ru/20240725/ptitsevodstvo-1962002586.html

**(ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

https://myantrade.gov.mm/

## ဗီယက်နမ်နိုင်ငံ၏ သီဟိုဠ်စေ့တင်သွင်းမှု၌ ကမ္ဘောဒီးယားနိုင်ငံက ဈေးကွက်ဝေစုအများဆုံးရရှိ



ဗီယက်နမ်နိုင်ငံသည် ၂၀၂၄ ခုနှစ် ပထမနှစ်ဝက်ကာလအတွင်း တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံရှိသော သီဟိုဠ်စေ့တန်ချိန် ၁ ဒသမ ၅ သန်းကို တင်သွင်းခဲ့ရာ ယခင်နှစ်ကာလတူ၌ တင်သွင်းခဲ့မှုနှင့် နှိုင်းယှဉ်ပါက တန်ဖိုးအားဖြင့် ၃ ဒသမ ၄ ရာခိုင်နှုန်း နှင့် တန်ချိန်အားဖြင့် ၈ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာကြောင်း ဗီယက်နမ် အထွေထွေအကောက်ခွန်ဌာန၏ အချက်အလက်များအရ သိရသည်။ အဆိုပါပမာဏ၏ ၅၅ ဒသမ ၅ ရာခိုင်နှုန်းရှိသော သီဟိုဠ်စေ့တန်ချိန် ၇၈၀,၇၀၀ ကျော်ကို ကမ္ဘောဒီးယားနိုင်ငံထံမှ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော်ရှိကြောင်း၊ ယခင်နှစ်ပထမနှစ်ဝက်၌ ကမ္ဘောဒီးယားတစ်နိုင်ငံတည်းထံမှ တင်သွင်းခဲ့မှုနှင့်နှိုင်းယှဉ်ပါက တန်ဖိုးအားဖြင့် ၂၈ ဒသမ ၁ ရာခိုင်နှုန်းနှင့် တန်ချိန်အားဖြင့် ၃၆ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ခြင်းဖြစ်ကြောင်း Vietnam Plus သတင်းဌာနကဖော်ပြသည်။

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့ထိပ်တန်း သီဟိုဠ်စေ့တင်ပို့သည့် နိုင်ငံဖြစ်သော်လည်း ကုန်ချောပြုပြင်ထုတ်လုပ်ရန်အတွက် ပြည်တွင်းစိုက်ပျိုးထွက်ရှိမှုမှ ပေးသွင်းနိုင်မှုမှာ အကန့်အသတ်ရှိနေဆဲဖြစ်၍ လုပ်ငန်းရှင်များအနေဖြင့် သီဟိုဠ်စေ့ပမာဏအများအပြားကို တင်သွင်းနေရခြင်းဖြစ်သည်။ ဗီယက်နမ်လုပ်ငန်းရှင်များသည် ကမ္ဘောဒီးယားနိုင်ငံအပြင် အခြားပင်ရင်းဒေသအဖြစ် အာဖရိကဒေသမှ သီဟိုဠ်စေ့ကိုလည်း အဓိကရယူတင်သွင်းလျက်ရှိသည်။ သို့သော် အရည်အသွေးနိမ့်ကျသည့် သီဟိုဠ်စေ့များအား တင်သွင်းလျက် ဗီယက်နမ်ပြည်တွင်းထုတ်ကုန်အဖြစ် တုပထုတ်လုပ်မှုများမှာ မြင့်တက်လျက်ရှိပြီး ဗီယက်နမ် သီဟိုဠ်စေ့ ကုန်အမှတ်တံဆိပ်အပေါ် ဆိုးရွားစွာထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

ပြည်ပသို့ သီဟိုဠ်စေ့ထုတ်ကုန် တင်ပို့မှုတွင် ဗီယက်နမ်နိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ် ပထမနှစ်ဝက်ကာလအတွင်း တန်ချိန် ၃၅၃,၅၀၀ တင်ပို့လျက် ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံ ရရှိခဲ့သည်။ ယခင်နှစ် ကာလတူ၌ တင်ပို့ခဲ့မှုနှင့် နှိုင်းယှဉ်ပါက တန်ဖိုးအားဖြင့် ၁၈ ဒသမ ၇ ရာခိုင်နှုန်း နှင့် တန်ချိန်အားဖြင့် ၂၆ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ယခုနှစ် ပထမ ၆ လအတွင်း ဗီယက်နမ်၏ သီဟိုဠ်စေ့ပို့ကုန် ပျမ်းမျှဈေးနှုန်းမှာ ၁ တန်လျှင် ၅၅၀၂ အမေရိကန်ဒေါ်လာရှိပြီး ၎င်းသည်

ယခင်နှစ် အလားတူကာလ၌ ရရှိခဲ့သောဈေးနှုန်း၏အောက်သို့ ၆ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

Source: Vietnam Plus, 19 Jul 2024

(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)

Source: https://www.doca.gov.mm

## အိန္ဒိယဈေးကွက်၌ ရိုဘတ်စတာကော်ဖီဈေးနှုန်း ဆက်လက်မြင့်တက်

ကမ္ဘာ့ကော်ဖီစေ့ဈေးကွက်၌ အကြီးမားဆုံးစိုက်ပျိုးထုတ်လုပ်သူဖြစ်သည့် ဗီယက်နမ်နိုင်ငံမှ ရောင်းလိုအားကျဆင်းမှုနှင့်အတူ အိန္ဒိယပြည်တွင်းဈေးကွက်တွင် ရိုဘတ်စတာကော်ဖီဈေးနှုန်းများမှာ ဆက်လက်မြင့်တက်လျက်ရှိပြီး အာရေးဘီးကားကော်ဖီစေ့ဈေးနှုန်းများမှာမူ ကောင်းစွာတည်ငြိမ်လျက်ရှိကြောင်း Hindu Business Line သတင်းဌာနက ဖော်ပြသည်။

အိန္ဒိယပြည်တွင်း၌ ကျယ်ပြန့်စွာ ထုတ်လုပ်ရောင်းဝယ်မှုရှိသည့် ပြုပြင်ခြင်းမပြုရသေးသော ခူးဆွတ်ပြီး ရိုဘတ်စတာကော်ဖီ ချယ်ရီစေ့များ၏ဈေးနှုန်းသည် ၅၀ ကီလိုဂရမ်ဝင် ၁ အိတ်လျှင် ရူပီးငွေ ၁၀,၀၀၀ နှုန်းကို မကြာသေးမီက စံချိန်တင်ဖြတ်ကျော်ခဲ့ပြီး လက်ရှိကာလတွင် ရူပီး ၁၀,၄၀၀ နှုန်းဝန်းကျင်ဖြင့် တောင်သူများက ရောင်းချလျက်ရှိသည်။ ရိုဘတ်စတာချယ်ရီစေ့များ၏ ဈေးနှုန်းသည် ဧပြီလ လဆန်းပိုင်းကထက် ၁၀ ရာခိုင်နှုန်းခန့်နှင့် ဇန်နဝါရီလ လဆန်းပိုင်းဈေးနှုန်းထက် ၅၀ ရာခိုင်နှုန်းကျော် မြင့်တက်လာခြင်းဖြစ်သည်။

အလားတူ ပြုပြင်သန့်စင်ပြီး အခွံမာ (parchment) ပါရှိသည့် ရိုဘတ်စတာကော်ဖီစေ့၏ ဈေးနှုန်းများသည်လည်း ၅၀ ကီလိုဂရမ်ဝင် ၁ အိတ်လျှင် ရူပီး ၁၈,၃၀၀ နှုန်းသို့ စံချိန်တင်မြင့်တက်ခဲ့ပြီး ဇန်နဝါရီလဆန်းပိုင်းရှိ ဈေးနှုန်းထက် ၆၆ ရာခိုင်နှုန်းပိုမိုလာခဲ့သည်။ ICE စတော့ဈေးကွက်တွင် ကမ္ဘာ့ရိုဘတ်စတာကော်ဖီ ကြိုတင်အရောင်းဈေးနှုန်းများသည်လည်း ၂၀၂၄ ခုနှစ်၊ နှစ်ဆန်းပိုင်းမှ လက်ရှိကာလအတွင်း ၆၀ ရာခိုင်နှုန်း ကျော်မြင့်တက်လာကြောင်း တွေ့ရသည်။

အိန္ဒိယ ကော်ဖီတင်ပို့သူများအသင်း၏ ဥက္ကဋ္ဌ Ramesh Rajah က ရိုဘတ်စတာကော်ဖီဈေးနှုန်းများ မြင့်တက်လာရခြင်းမှာ ဗီယက်နမ်နိုင်ငံ၌ ရောင်းလိုအား လျော့နည်းလာခြင်းကြောင့်ဖြစ်ကြောင်း၊ ထို့ပြင် EUDR ခေါ် ဥရောပသမဂ္ဂ၏ သစ်တောပြုန်းတီးမှုဆိုင်ရာစည်းမျဉ်းများ စတင်သက်ဝင်မှုရှိမည့် နှစ်ကုန်ပိုင်းမတိုင်မီ ဥရောပကုန်သည်များဘက်မှ ဝယ်လိုအားမြင့်တက်မှုကလည်း ဈေးနှုန်းမြင့်တက်စေရန် အထောက်အပံ့ပြုလျက်ရှိကြောင်း၊ ကော်ဖီစေ့ဈေးနှုန်းများ ယခုထက်ပိုမိုမြင့်တက်လိမ့်မည်ဟု ယူဆထားသော တောင်သူအချို့သည် အလျင်စလို ရောင်းချမှုမပြုဘဲ ထိန်းသိမ်းထားကြကြောင်း၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းခန့်မှာ ဈေးကွက်အတွင်းသို့ ရောင်းချထားပြီးဖြစ်ပြီး ကျန်ပမာဏကို စိုက်ပျိုးထုတ်လုပ်သူများက ထိန်းသိမ်းထားဆဲဖြစ်သည်ဟု ယူဆရကြောင်းဖြင့် ပြောကြားခဲ့သည်။

၂၀၂၄ ပြက္ခဒိန်နှစ်အတွင်း အိန္ဒိယနိုင်ငံ၏ ကော်ဖီတင်ပို့မှုမှာ ဇူလိုင်လ ၁၁ ရက်အထိ တန်ချိန် ၂ ဒသမ ၅၃ သိန်းရှိပြီး ယခင်နှစ်ကာလတူ၌ တင်ပို့မှု တန်ချိန် ၂ ဒသမ ၂၈ သိန်းအပေါ် ၁၁ ရာခိုင်နှုန်း တိုးတက်ခဲ့သည်ဟု အိန္ဒိယကော်ဖီ လုပ်ငန်းကြီးကြပ်ရေးအဖွဲ့က ဖော်ပြထားသည်။ အဓိကအားဖြင့် ရိုဘတ်စတာ ကော်ဖီချယ်ရီစေ့များ တင်ပို့မှုတိုးတက်ခဲ့ပြီး ဇန်နဝါရီလ ၁ ရက်မှ ဇူလိုင်လ ၁၁ ရက်အတွင်း တန်ချိန် ၁ ဒသမ ၁၉ သိန်း တင်ပို့နိုင်ခဲ့ရာ ယခင်နှစ် အလားတူကာလ တင်ပို့ခဲ့မှု တန်ချိန် ၁ ဒသမ ၀၁ သိန်းအပေါ် ၁၈ ရာခိုင်နှုန်း တိုးတက်မှုရရှိခဲ့သည်။ ပြန်လည်တင်ပို့ကုန်အပါအဝင် အသင့်သောက်သုံး နိုင်သောကော်ဖီထုတ်ကုန်များတင်ပို့မှုမှာ ဒုတိယအများဆုံးဖြစ်ပြီး အဆိုပါကာလအတွင်း ၈၂၇၇၁ တန် တင်ပို့လျက် ယခင်နှစ်ကာလတူထက် ၁၁ ရာခိုင်နှုန်း ပိုမိုခဲ့သည်။

ကော်ဖီတင်ပို့သူများနှင့် ကော်ဖီလျော်သည့်လုပ်ငန်းများထံသို့ ကော်ဖီစေ့ပေးသွင်းခြင်းကို လုပ်ကိုင်လျက်ရှိသော Agrani Coffee and Commodities Ltd မှ လုပ်ငန်းရှင် Praveen Kumar Kolimarla က ဗီယက်နမ်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ရောင်းလိုအားနည်းပါးမှုကြောင့် ရိုဘတ်စတာ ကော်ဖီဈေးကွက်သည် ကုန်ရလွယ်မှုနှင့် ဈေးနှုန်းများအရ လွန်စွာကျပ်တည်းမှုဆက်လက်ဖြစ်ပေါ်နေဦးမည်ဖြစ်ကြောင်း၊ ဝယ်ယူသူများထံမှ တောင်းဆိုမှုများပြားနေချိန်တွင် အိန္ဒိယနိုင်ငံရှိ စိုက်ပျိုးထုတ်လုပ်သူများက ကော်ဖီစေ့များ ပိုမိုထုတ်ရောင်းလာခြင်း၊ လုပ်ငန်းရှင်များအတွက် ငွေဖြစ်လွယ်မှုရှိခြင်း၊ မုတ်သုံရာသီဥတု၏ သက်ဝင်လှုပ်ရှားမှုရှိလာခြင်းစသည့် အခြေအနေများနှင့်အတူ အဆိုပါနိုင်ငံများမှ ကော်ဖီစေ့ရောင်းချနိုင်ခြင်း မရှိတော့သည့်

အခြေအနေ၌ အိန္ဒိယနိုင်ငံအတွက် အခွင့်အလမ်းများရှိနေကြောင်း ပြောဆိုခဲ့သည်။

Fitch ကုမ္ပဏီလုပ်ငန်းစု၏ ဈေးကွက်သုတေသနအဖွဲ့တစ်ခုဖြစ်သော BMI က မကြာသေးမီကာလ၌ ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတစ်စောင်တွင် အဓိကစိုက်ပျိုးထုတ်လုပ်သည့် ဗီယက်နမ်နိုင်ငံနှင့်ဘရာဇီးနိုင်ငံတို့၌ ရာသီဥတုဆိုင်ရာ ရောင်းလိုအားအခက်အခဲများကြောင့် ကော်ဖီဈေးကွက်သည် အလားအလာကောင်းမွန်လျက်ရှိမည်ဖြစ်ကြောင်း၊ ကုန်စည်များ ဆက်လက်စုဆောင်းခြင်းက ၂၀၂၄ ခုနှစ် ဒုတိယနှစ်ဝက်တွင် ဈေးနှုန်းတိုးတက်မှုအပေါ် လေဆန်အတားအဆီးများ ဖြစ်ပေါ်စေနိုင်ကြောင်း၊ ဗီယက်နမ်နိုင်ငံတွင် ၂၀၂၄ နိုဝင်ဘာလမှ ၂၀၂၅ ဖေဖော်ဝါရီလအထိ ရိုဘတ်စတာကော်ဖီ ခူးဆွတ်ထွက်ရှိမှု အမြင့်မားဆုံးကာလမတိုင်မီ မိုးရွာသွန်းမှုနှင့် ဆည်တာတမံများ၌ ရေသိုလှောင်နိုင်မှုအခြေအနေကို စောင့်ကြည့်ရလိမ့်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုကျဆင်းခြင်းကို ရှောင်ကြဉ်နိုင်ရန်အတွက် ပြန်လည်အင်အားဖြည့်တင်းမှုမှာ အရေးကြီးကြောင်း ဖော်ပြထားသည်။

၂၀၂၃-၂၀၂၄ အယ်လ်နီညိုဖြစ်စဉ် ဆောလျင်စွာပျက်ပြယ်ပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာ-နိုဝင်ဘာကာလများ၌ လာနီညာရာသီဥတုဖြစ်စဉ် ပေါ်ပေါက်နိုင်မှုက အရှေ့တောင်အာရှဒေသတွင် မိုးရွာသွန်းမှုကို ကောင်းမွန်စေမည့် အလားအလာရှိနေသည်။ ယင်းမတိုင်မီ၌ ဘရာဇီးနိုင်ငံ၏ ကော်ဖီခူးဆွတ်ရိတ်သိမ်းမှုမှာ ၂၀၂၄-၂၀၂၅ ထုတ်လုပ်ရေးနှစ်၏ ရာသီချိန်ပြင်ပသို့ရောက်ရှိနေမည်ဖြစ်ပြီး ၎င်း၏ နှစ်စဉ်ပြည်တွင်းကော်ဖီထုတ်လုပ်မှု ကျဆင်းခြင်းအရ ဈေးကွက်ကျပ်တည်းမှုဖြစ်ပေါ်နိုင်ကြောင်း BMI အဖွဲ့က ဖော်ပြထားသည်။

**Source: The Hindu Business Line, 17 Jul 2024**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

**Source:** https://www.doca.gov.mm

## STOCK EXCHANGE (31.7.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 1st Aug. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,426 (Shares) | 25,538,650 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 8,900 | 8,900 | 8,900 | 21 | 186,900 | 33,109,694 | 294,676 |
| MTSH | 00002 | 3,550 | +50 | +1.43% | 3,500 | 3,550 | 3,500 | 6,283 | 22,151,150 | 38,929,150 | 138,199 |
| MCB | 00003 | 8,300 | -100 | -1.19% | 8,300 | 8,300 | 8,300 | 152 | 1,261,600 | 10,400,986 | 86,328 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,750 | 148 | 261,900 | 29,664,613 | 53,396 |
| TMH | 00005 | 2,950 | +50 | +1.72% | 2,900 | 2,950 | 2,900 | 44 | 127,650 | 12,823,224 | 37,829 |
| EFR | 00006 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,750 | 677 | 1,198,600 | 19,977,223 | 35,959 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 0 | 0 | 10,497,598 | 49,339 |
| MAEX | 00008 | 3,450 | -50 | -1.43% | 3,500 | 3,500 | 3,450 | 101 | 350,850 | 23,804,946 | 82,127 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 1st Aug. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 412.39 | +0.18 | +0.04% | 411.65 | 412.39 | 411.27 | 7,426 | 25,538,650 | 8 | 777,853 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 1st Aug. 2024

| Trading Volume | Trading Value |
|---|---|
| 7,426 (Shares) | 25,538,650 (MMK) |

### Main Board

As of 1:00 pm, 1st Aug. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,426 (Shares) | 25,538,650 (MMK) |

| MYANPIX | 412.39 ▲ 0.18 |
|---|---|
| Total Volume (shares) | 7,426 |
| Total Value (MMK) | 26 mil |
| Listed Company | 8 |
| Market Cap. (MMK) | 777,853 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 3,550 | ▲ 50 |
| MCB | 00003 | 8,300 | ▼ 100 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,950 | ▲ 50 |
| EFR | 00006 | 1,800 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 3,450 | ▼ 50 |

TIR